# National Coalition Government of the Union of Burma

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

### အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ခြင်း(၂၁)နှစ်မြောက် အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်

၁။ ခရစ်နှစ် ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်နေ့သည် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ခြင်း (၂၁)နှစ်ပြည့်မြောက်သည့် မင်္ဂလာအခါသမယ ဖြစ်ပေသည်။

၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၈၈ ခုနှစ် လူထုဒီမိုကရေစီအရေးတော်ပုံကြီးမှ စတင်ပေါက်ဖွားလာသော တိုင်းရင်း သားလူမျိုးပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံ ပါဝင်ဖွဲ့စည်းထားသည့် အင်အားတောင့်တင်းခိုင်မာမှုအရှိဆုံး ဒီမိုကရေစီ နိုင်ငံရေး အင်အားစုကြီးဖြစ်သည့်အားလျော်စွာ ဒီမိုကရေစီကျင့်စဉ်များထွန်းကားရေး၊ ပြည်သူ့အကျိုးပြု ပြည်သူ့ လွှတ်တော်တရပ်ပေါ်ပေါက်ရေး၊ တိုင်းရင်းသားသွေးစည်းညီညွတ်ရေးကိုအခြေခံသည့် အမျိုးသားပြန်လည်သင့်မြတ်မှု ဖေါ်ဆောင်ရေးစသည်တို့ကို တိုင်းရင်းသားနိုင်ငံရေး ပါတီများ၊ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ၊ ဒီမိုကရေစီအင်အားစု များနှင့် အစဉ်တစိုက်လက်တွဲကြိုးပမ်းလျက်ရှိပေသည်။

၃။ ထို့ပြင် ယနေ့ခေတ်သမိုင်း၏ အဓိကလိုအပ်ချက်မှာ 'ပြည်သူ့ဆန္ဒကို လေးစားရေး' နှင့် 'ဒီမိုကရေစီအခွင့်အရေးများကို လေးစားကာကွယ်ရေး' ဖြစ်ကြောင်း၊ 'တိုင်းပြည်၏အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်သည်' ဟူသော နိုင်ငံရေးမူကို လက်တွေ့ ကျင့်သုံးခြင်းဖြင့်သာ ပြည်ထောင်စုတစ်ခုကို တည်တံ့ခိုင်မြဲစေနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူတို့၏ လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ကို လေးစားလိုက်နာခြင်း၊ ဒီမိုကရေစီ အခွင့်အရေးများကို အမြတ်တနိုးတန်ဖိုးထားခြင်းတို့သည် အမျိုးသားသွေးစည်းညီညွတ်ရေး ပေါ်ပေါက် နိုင်ရန် အဓိကလိုအပ်ချက်ဖြစ်ကြောင်း 'အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထားကြေညာချက်များ' တွင် ဖေါ်ပြထားပေသည်။

၄။ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်များကိစ္စ၊ အမျိုးသားညီလာခံကိစ္စ၊ နိုင်ငံတော် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးကိစ္စ၊ တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာသင်ကြား ရေးဆိုင်ရာ ကိစ္စရပ် များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစသည့်ကိစ္စများသည် မူဝါဒရေးရာများဖြစ်သည့်အလျောက် ယင်းကိစ္စများကို တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းရမည်ဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးဖြေရှင်းမှုမပြုသေးသမျှ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ မူဝါဒပြောင်းလဲမှုရှိမည် မဟုတ် ကြောင်း၊ တိုင်းပြည်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့်ပတ်သက်၍ အကျိုးရလဒ်များပေါ်ထွန်းလာစေရန် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည် သက်ဆိုင်ရာတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် အမြဲ အဆင်သင့်ရှိနေမည်ဖြစ်ကြောင်းလည်း အတိအလင်း ကြေညာပြောဆို ထားပြီး ဖြစ်ပေသည်။

၅။ မြန်မာနိုင်ငံတော်ကို ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရန်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူရင်းဝါဒ ဖြစ် ကြောင်း၊ ထိုသို့တည်ဆောက်နိုင်ရန် တိုင်းရင်းသားလူမျိုးစုအသီးသီးတို့ မလွဲမသွေပါဝင်ကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ ပါဝင်ဆောင်ရွက် ခြင်းမရှိပါက စစ်မှန်သောပြည်ထောင်စုနိုင်ငံတော် ပေါ်ထွန်းလာမည် မဟုတ်ကြောင်း၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အကျိုး ရလဒ်များကို ပြည်သူလူထု လျင်မြန်စွာခံစားနိုင်ရန်နှင့် တိုင်းပြည်တွင် ဒီမိုကရေစီ ပေါ်ပေါက်လာစေရန် စွမ်းအားရှိသမျှ ထမ်းဆောင် လျက်ရှိကြောင်း၊ တိုင်းပြည်တွင် ဒီမိုကရေစီအမြန်ဆုံးတည်ဆောက် နိုင်ရေးအတွက် ပြည်သူလူထုတရပ်လုံးက ပါဝင်ဆောင်ရွက်ကြရန် တာဝန်ရှိကြောင်းလည်း တစိုက်မတ်မတ် ဆော်ဩလျက် ရှိပေသည်။

၆။ နအဖ စစ်အုပ်စုသည် '၂၀၀၃မေလ (၃၀)' ဒီပဲယင်းနိုင်ငံရေးလုပ်ကြံမှုကို ကျူးလွန်ခဲ့ပြီး၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်း စုကြည်၊ ဦးတင်ဦး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် အဖွဲ့ချုပ်ဝင်များကို ယခုအထိ ဖမ်းဆီးထားသည်။ တဖန် ၂၀၀၇ စက်တင်ဘာ သံဃာ့အရေးတော်ပုံကိုလည်း သွေးစွန်းစေခဲ့သည်။ ယခုအချိန် အထိ ဖမ်းဆီးမှုများဆက်လုပ်နေပြီး နိုင်ငံရေးအကျဉ်းသား (၂၀၀၀)ကျော် ထောင်သွင်းထားဆဲရှိသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကမူ ဒေါ်ဆောင်ဆန်းစုကြည်၏ ဦးဆောင်မှုကိုခံယူကာ ယခု အချိန်ထိ စိတ်ရှည်သည်းခံလျှက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာရန် (နအဖ)အား အစဉ်တစိုက် နှိုးဆော်လျက်ရှိသည်။

၇။ ကုလသမဂ္ဂအဖွဲ့၊ ဥရောပသမဂ္ဂအဖွဲ့၊ အာဆီယံအဖွဲ့နှင့် နိုင်ငံတကာခေါင်းဆောင်များက ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားအားလုံးကိုပြန်လွှတ်ပေးရန် တိုက်တွန်းနေသည့်ကြားမှ (နအဖ) သည် ဒေါ်အောင်ဆန်းစုကြည်အား မေလအတွင်း ထပ်မံအမှုဆင် တရားစွဲဆို နေအိမ်အကျယ်ချုပ်(၁၈) လ ချုပ်နှောင်လိုက်ပြန်သည်။ နအဖ၏ ရည်ရွယ်ချက်မှာ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား မြန်မာ့နိုင်ငံရေးမှ ဖယ်ရှားလိုသော သဘောဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တခုတည်း အတွက်သာမဟုတ်ဘဲ နိုင်ငံရေးပါတီများ၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၊ တိုင်းရင်း သားလူမျိုးစုများအပါအဝင် မြန်မာနိုင်ငံ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရေးအတွက် အဓိကအရေးပါသော ကိစ္စဖြစ်သည်။ နာဂစ်မုန်တိုင်းလွန်ကာလ တိုင်းပြည်လူထု၏ ဆင်းရဲဒုက္ခ အဝဝကို စာနာထောက်ရှုလျက် အဓိပ္ပါယ်ပြည့်ဝသောနိုင်ငံရေးတွေ့ဆုံ ဆွေးနွေးနည်းဖြင့် မျက်မှောက်မြန်မာ့နိုင်ငံရေးပြဿနာကို ဖြေရှင်းခြင်းသင့်ပေသည်။ ယခု စက်တင်ဘာလ(၁၇)ရက်နေ့နအဖသတင်းစာ များအဆိုအရ အကျဉ်းသား(၇၁၁၄)ဦးအား ‘လွတ်ငြိမ်းသက်သာခွင့်’ပေးကြောင်းဖေါ်ပြသော်လည်း၊ နိုင်ငံရေးအကျဉ်သား (၁၂၈)ဦးသာ ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူဖြစ်စေမည့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ခွန်ထွန်းဦး၊ မင်းကိုနိုင် နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အပါအဝင် နိုင်ငံရေးအကျဉ်းသားအများစုကိုမူ လွှတ်ပေးခြင်းမရှိသေးပေ။ ထို့ပြင် အပစ်ရပ် ထားသော တိုင်းရင်းသား ‘ငြိမ်း’အဖွဲ့များအား စစ်အင်အားသုံး အကျပ်ကိုင် လက်နက်ချခိုင်းနေခြင်းကြောင့် ပြည်တွင်းစစ်ပြန်၍ ကျယ်ပြန့် လာရန်ရှိနေသည်။

**၈။** လက်ရှိ အခြေအနေအရ နအဖအနေဖြင့် တိုင်းပြည်ပြဿနာအရပ်ရပ်ကို အကြမ်းဖက်ဖြေရှင်း၍ မရနိုင်ပေ။ ကုလသမဂ္ဂနှင့် နိုင်ငံတကာမိသားစုတို့၏ အကြံပြုချက်နှင့်အညီ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ ဆောလျင်စွာ ဖြေရှင်းသင့်ပေသည်။ ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အနေဖြင့် တိုင်းပြည့်အကျိုးကို အမှန်လိုလားပါက ၂၀၀၉ ခုနှစ် ဧပြီလ (၂၉) ရက်စွဲပါ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ‘ရွှေဂုံတိုင် ကြေညာစာတမ်း’ ကို အကောင်းမြင်ရှုထောင့်မှ ရှုမြင်လျက် –

**(၁) အဖွဲ့ချုပ်ခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရေး။**

**(၂) ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအဓိပ္ပါယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးမှုစတင်ရေး။**

**(၃) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ဒီမိုကရေစီ စံနှုန်းများနှင့် မညီသည့် အချက်များကို ပြန်လည်ရေးဆွဲရေး။**

**(၄) အားလုံးလွှမ်းခြုံပါဝင်နိုင်မည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် နိုင်ငံတကာစောင့်ကြပ်လေ့လာမှု ခွင့်ပြုရေး။** စသည်တို့ကို ဆောင်ရွက်ရန်မှတပါး အခြားနည်းလမ်းမရှိဟု အမျိုးသားညွန့်ပေါင်းအစိုးရက နှိုးဆော်လိုပေသည်။

**၁၀။** သို့ဖြစ်၍ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများအနေဖြင့် အဆိုးဆုံးအခြေအနေအတွက် ကြိုတင်ပြင်ဆင်၍ အကောင်းဆုံးညီညွတ်ရေးကိုတည်ဆောက်ကာ စစ်မှန်သော ဒီမိုကရေစီကျင့်စဉ်ပေါ်ထွန်းရေးအတွက် လုံ့လဝိယမအထူးစိုက်ထုတ်ကြဖို့ လိုပေသည်။ စစ်အာဏာရှင်တို့၏ ရက်စက်ကြမ်းကြုတ်သော ဖိနှိပ်ချေမှုန်းမှု၌ (၂၁)နှစ် တိုင်တိုင် ဖွံ့သတ္တိ၊ ဉာဏ်အမြော်အမြင် ကြီးစွာ ရှန်းကန်ရင်ဆိုင်၍ အဖွဲ့ချုပ်အောင်လံကို မြင့်မြင့်မားမား လွှင့်ထူကာ၊ မဆုတ်မနစ် ဦးဆောင် တိုက်ပွဲဝင်လျက်ရှိသည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒလမ်းစဉ်တို့ကို စံနမူနာထားလျက်၊ အဖွဲ့ချုပ်၏ ရည်မှန်းချက်များ အောင်မြင်သည်အထိ ဝန်းရံထောက်ခံ သွားမည်ဖြစ်ကြောင်း အဖွဲ့ချုပ်တည်ထောင်ခြင်း (၂၁)နှစ် ပြည့်မြောက်သည့် အခါသမယ၌ ‘အမျိုးသားညွန့်ပေါင်းအစိုးရ’ က အလေးအနက် သဘောထားထုတ်ပြန်အပ်ပေသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ**

၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်။